# ယခုအကြိမ်တောင်အာရှကုန်စည်ပြပွဲတွင် နိုင်ငံခြားပြခန်းနေရာအတွက်၅၀% တိုး



အများတို့က အာရုံကြီးကြသည့် (၄)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၄)ကြိမ်မြောက်ကူမင်း ကုန်စည်ပြပွဲ (အောက်တွင်အတိုကောက် အဖြစ်တောင်အာရှ ကုန်စည်ပြပွဲဟုခေါ်တွင်စေမည်) ကျရောက်တော့မည့် အခါ သမယတွင် ယူနန်ပြည်နယ် အပြည်ပြည်ဆိုင်ရာပြပွဲရေးရာဌာနမှ ဌာနမှူးလျူချီလင် ကဤသတင်းဌာန၏ အထူးမေးမြန်းမှုကို လက်ခံခဲ့သည်။

"အရေအတွက်တိုးများခြင်း"နှင့် "အရည်အသွေးမြှင့်တင်ခြင်း"တို့သည် ယခုအကြိမ်တောင်အာရှ ကုန်စည်ပြပွဲ၏သော့ချက်ပါသောစကားလုံး(၂)ခုဖြစ်သည်။ လျူချီလင်၏ မိတ်ဆက်ခြင်းအရ ယခုအကြိမ် တောင်အာရှကုန်စည်ပြပွဲတွင်ပြခန်းနေရာ အရေအတွက်ကို အားထုတ်တိုးချဲ့ပြီး တျန်းချီကွန်ဗင်းရှင်းစင်တာရှိပြတိုက်(၁၈)ခုကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခင်အကြိမ်ပြပွဲထက် (၅)ခု တိုးများပြီးပြခန်းနေရာ ဧရိယာ အကျယ်အဝန်း ၄၀%တိုးမြှင့်လာနေကြောင်း၊ ပြခန်းနေရာအရေအတွက်တိုးချဲ့လာသည့် တစ်ချိန်တည်းပြပွဲသည်ပြတိုက်စီစဉ်ထားမှုနှင့် ပြပွဲလှုပ်ရှားမှု စီစဉ်ထားမှုဘက်တွင်လည်း ပြုပြင်ခဲ့ပြီးတောင်အာရှပြတိုက်ကို (၂)ခုအထိ တိုးများလာခဲ့ကြောင်း၊ အာဆီယံပြတိုက်အတွက်(၂)ခုကို ဆက်လက်ဖွင့်လှစ်ပြီးပြပွဲ၏ ဒေသတွင်းထူးခြားချက်ကို ထင်ရှားအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့် တစ်နေ့တစ်ခြား ရင်းနှီးလာသော ကုန်ထုတ်စွမ်းအားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကို ရောင့်ရဲပေးနိုင်ရန် နိုင်ငံတကာကုန်ထုတ်စွမ်းအား ပူးပေါင်းဆောင်ရွက်ရေးပြတိုက်ကိုအသစ်ဖွင့်လှစ်ထားကြောင်း၊ သတင်းအချက်အလက် လုပ်ငန်းတိုးတက်ရေးကို တွန်းအားပေးနိုင်ရန် သတင်းအချက်အလက်နှင့် သတင်းအချက်အလက်လုပ်ငန်းပြတိုက်ကိုအသစ်ဖွင့်လှစ်ထားကြောင်း၊ ယူနန်၏ ကုန်ထုတ်လုပ်ငန်းဆိုင်ရာဝိသေသထူးခြားချက်နှင့် အားသာချက်ကိုထင်ရှားအောင် ပြသနိုင်ရန် ခရီးသွားလုပ်ငန်းပြတိုက်နှင့်ကုန်းမြင့်ဒေသဝိသေသ ထူးခြားချက်ပါ စိုက်ပျိုးရေးပြတိုက်များကိုအသစ်ဖွင့်လှစ်ထားကြောင်း၊ ယခုအကြိမ်တောင်အာရှကုန်စည်ပြပွဲသည် နိုင်ငံတကာဖြစ်မှုနှင့် ကျွမ်းကျင်မှုဘက်တွင်လည်းအဆင့်သစ်တက်နိုင်မည်ဖြစ်ကြောင်းသိရသည်။ လျူချီလင်က "ခန့်မှန်းခြေအရယခုအကြိမ်ပြပွဲတွင်နိုင်ငံခြားပြခန်းနေရာ အရေအတွက် စုစုပေါင်းမှာ ၅၀% ကျော်နိုင်မည်"ဟုပြောသည်။

ယခုအကြိမ်ပြပွဲအတွက် စီစဉ်ပေးမည့်လှုပ်ရှားမှုစီးရီးသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တည်ဆောက်ရေးလုပ်ငန်းမှ အရေးပါသောနယ်ပယ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတကာ ကုန်ထုတ်စွမ်းအားပူးပေါင်းဆောင်ရွက်ရေး၊ ဖြာထွက်မှုစင်တာနှင့် စီးပွားရေးစင်္ကြံ တည်ဆောက်ရေးတို့ကို ပိုမိုထင်ရှားအောင်ဆောင်ရွက်၍ ပိုမိုများပြားသော နိုင်ငံတကာအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် စီမံကိန်းများအားအခြေစိုက်စေရန် တွန်းအားပေးပြီး တောင်အာရှကုန်စည်ပြပွဲ၏ လက်တွေ့အကျိုးဖြစ်ထွန်းမှုနှင့် ပြည်တွင်းပြည်ပအတွက် အရှိန်အဝါတိုးချဲ့သွားမည်ဖြစ်သည်။

**သတင်းထောက် -**
**ကျန်ရှော့ဂူ၊ လော်ယုံချန်**

## ယူနန်ပြည်နယ်မှူးချိန်ဟောင် – ကမ္ဘာသို့ တမူထူးခြားသောဆန်းကြယ်မှုများပြသသွားမည်

(သတင်းထောက်ချိန်ရှောင်ပေါ်၊ လော်ယုံချန်) မေလ ၁၁ ရက်နေ့ညနေပိုင်းတွင် (၄)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၄)ကြိမ်မြောက်တရုတ်ကူမင်း ပို့ကုန်သွင်းကုန်ကုန်စည်ပြပွဲ ပြည်နယ်လုံးကျွတ် လှုံ့ဆော်ရေး တီဗွီဖုန်းအစည်းအဝေးကို ကူမင်းမြို့၌ ကျင်းပခဲ့သည်။ ယူနန်ပြည်နယ်မှူးချိန်ဟောင်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် ယူနန်၏ ကျော်လွှားစွာဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဝန်ဆောင်မှုပေးမည့် အဆင့်နေရာတွင် ရပ်တည်၍ တစ်ပြည်နယ်လုံးရှိအင်အားများကိုအသုံးပြု၊ တစ်နိုင်ငံလုံးရှိအင်အားများကို အမှီပြုပြီး တောင်အာရှကုန်စည်ပြပွဲကြီးအောင်မြင်နိုင်ရန် လူထုညာဏ်လူထုအားဖြင့်သေသပ်စေ့စပ်စွာ ကြိုတင်ပြင်ဆင်ကာတရုတ်နှင့်ကမ္ဘာသို့ တမူထူးခြားသောဆန်းကြယ်မှုများ ပြသသွားမည်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။ တောင်အာရှကုန်စည်ပြပွဲသည် တရုတ်နိုင်ငံမှတောင်အာရှ၊ အရှေ့တောင်အာရှနှင့်ကမ္ဘာ့နိုင်ငံအသီးသီးတို့နှင့် ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးယဉ်ကျေးမှုများကို ဘက်စုံနက်ရှိုင်းစွာ ဖလှယ်ရန်အရေးကြီးလှသောကယ်ရီယာနှင့် စင်မြင့်ဖြစ်သည်။ "ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု" စီမံကိန်းတည်ဆောက်ရာတွင် တရုတ်နိုင်ငံ၏အရေးပါသော အကြီးစားပြပွဲလည်းဖြစ်သည်။ထို့ကြောင့် ပြည်နယ်မှူးချိန်ဟောင်သည် စည်းရုံးရေးလုပ်ငန်း၊ ဆက်သွယ်ဆောင်ရွက်ရေးလုပ်ငန်းများကို သေသပ်စေ့စပ်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကွပ်ကဲရေးချောမွေ့မှု၊ တွင်ကျယ်စွာလည်ပတ်မှုကို အစွမ်းကုန်အာမခံပေးရမည်ဖြစ်ကြောင်း၊ ဘက်ပေါင်းစုံမှနေ၍ ဆက်သွယ်ဆောင်ရွက်ပြီး အင်အားစုဖြစ်တည်စေကာဟာကွက်မရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တိုင်း၊ အသေးအဖွဲ့ကိစ္စရပ်တိုင်း ချောမွေ့စွာချိတ်ဆက်ရန်၊ မှားယွင်းချက်မရှိအောင် လည်ပတ်ရန်သေချာစွာ အာမခံရမည်ဖြစ်ကြောင်း၊ မြို့ပြပုံမှန်လည်ပတ်မှုလုပ်ငန်း၊ ထောက်ပံ့ရေးလုပ်ငန်းများကို စေ့စပ်စွာဆောင်ရွက်ပြီးပြပွဲအတွက် ကောင်းမွန်လှသောပတ်ဝန်းကျင်ကို ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ယူနန်စတိုင်လ်နှင့် ကူမင်းမြို့၏ဝိသေသထူးခြားချက်ကို ထင်ရှားကျော်ကြားအောင် ဆောင်ရွက်ပေးပြီး ပြခန်းနေရာအတပ်အဆင်များနှင့် ပတ်ဝန်းကျင်ရှိ တွဲဖက်အဆောက်အအုံများကိုပြီးပြည့်စုံအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးလုပ်ငန်းကို သေသပ်စေ့စပ်စွာ ဆောင်ရွက်ပြီးပြပွဲအတွက် မည်သည့်ချွတ်ချော် လွဲမှားမှုမှ မပါအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုအင်အားမှန်သမျှကိုလှုံ့ဆော်၍တောင်အာရှကုန်စည်ပြပွဲထဲသို့ တက်ကြွစွာပါဝင်၍ ဝန်ဆောင်မှုပေးစေပြီး လုပ်ငန်းအသီးသီးကို သေချာတိကျစွာ လုပ်ဆောင်ခြင်းဖြင့်ပြပွဲကို အောင်မြင်စွာကျင်းပစေရမည်ဖြစ်ကြောင်း၊ ဝါဒဖြန့်ရန်လုပ်ငန်းကို စေ့စပ်စွာလုပ်ဆောင်ပြီး ဌါပြဖြန့်ရန်နည်းလမ်းနှင့် လမ်းကြောင်းများကိုဆန်းသစ်တီထွင်၍ နိုင်ငံအသီးသီး၊ ဒေသအသီးသီးတို့အကြား ရင်းနှီးမှု၊ ဖလှယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုရလဒ်များကိုဘက်စုံစွာ၊ ပကတိကျစွာအချိန်မီဖော်ပြသွားမည်ဖြစ်ကြောင်း တောင်းဆိုလိုက်သည်။

**သတင်းစဉ်**

## တောင်အာရှကုန်စည်ပြပွဲအတွက် လျှောက်တင်ရန်အထူးလမ်းကြောင်းဖွင့်လှစ်ပြပွဲဝင်ကုန်ပစ္စည်းများကို ပြခန်းနေရာသို့ သယ်ပို့ပြီး စစ်ဆေးနိုင်

သတင်းထောက်သည်ယူနန်အရည်အသွေးစစ်ဆေးရေးနှင့် ရောဂါကာကွယ်ရေးဌာနမှရရှိသော သတင်းအရတောင်အာရှကုန်စည်ပြပွဲအတွက် ပြသမည့်ကုန်ပစ္စည်းများအတွက် အထူးလျှောက်တင်စစ်ဆေးရန်ပြတင်းပေါက်နှင့် လမ်းကြောင်းများကို ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ပြပွဲဝင်ကုန်ပစ္စည်းများကို ပြခန်းနေရာသို့ သယ်ပို့ပြီး အစစ်ဆေးခံနိုင်ကာ ပြသရန်ကုန်ပစ္စည်းများ လွယ်ကူအဆင်ပြေစွာ ဂိတ်ဖြတ်နိုင်ရန် အာမခံပေးကြောင်းသိရှိရသည်။

ယူနန်အရည်အသွေးစစ်ဆေးရေးနှင့်ရောဂါကာကွယ်ရေးဌာနသည် အရေးပါသော ပြပွဲဝန်ဆောင်မှုပေးရန် ဌာနတစ်ခုအဖြစ် ပြပွဲဝင်ရန်စာရင်းသွင်းခြင်းမှအစပြသရန် ကုန်ပစ္စည်းများမှတ်ပုံတင်ခြင်း၊ အစစ်ဆေးခံရန် လျှောက်တင်ခြင်းနှင့်လက်ခံခြင်း၊ ပြပွဲမတိုင်မီစစ်ဆေးခြင်း၊ ပြပွဲကျင်းပစဉ် ကြီးကြပ်ခြင်း၊ ပြပွဲအပြီးစစ်ဆေး၍စာရင်းချေဖျက်ပစ်ခြင်း၊ အဆုံးသတ်ခြင်းအထိ လုပ်ငန်းတစ်ခုလုံးအတွက် ကြီးကြပ်သွားမည်ဖြစ်သည်။ ပြသဆဲ၊ ပြသပြီးလုပ်ငန်းများကို ပိုမို ကြီးကြပ်အုပ်ချုပ်ရမည်ဖြစ်သည်။ ပြပွဲအစအဆုံးပြပွဲဝင်ရန်ကုန်ပစ္စည်းများအတွက် အလုံပိတ်ကြီးကြပ်အုပ်ချုပ်ရန် ဖော်ဆောင်သွားမည်ဖြစ်သည်။

ထို့ပြင် "ဦးစားပေးရန် အချက်(၄)ချက်" ဝန်ဆောင်မှုကိုလည်း ကျင့်သုံးသွားမည်ဖြစ်သည်။ ယင်း"ဦးစားပေးရန် အချက်(၄)ချက်"ဟူသည်မှာ (၁)"အစစ်ဆေးခံရန်လျှောက်တင်ချက်ကို ဦးစားပေး၍လက်ခံခြင်း"-ပြပွဲဝင်ရန်ကုန်ပစ္စည်းများအတွက် အထူးအစစ်ဆေးခံ ပြတင်းပေါက်နှင့် လမ်းကြောင်းများကို ဖွင့်လှစ်၍အစစ်ဆေးခံရန် လျှောက်တင်ချက်များကို ဦးစားပေး ဆောင်ရွက်ခြင်းဖြစ်သည်။ (၂)"ဦးစားပေးစစ်ဆေးခြင်း"-ပါဝင်ပြသမည့်ကုန်သည်များ၊ တာဝန်လွှဲအပ်ခံကုမ္ပဏီများနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး ပြပွဲဝင်ကုန်ပစ္စည်းများအား စမ်းသပ်ခန်းထဲ၌စစ်ဆေးရန် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်သည်။ (၃)"ဝန်ထမ်းများစေလွှတ်၍အရည်အသွေးစစ်ဆေးရေးနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်း" - အရည်အသွေးစစ်ဆေးရေးနှင့် ရောဂါကာကွယ်ရေးအတွက် "အစိမ်းရောင်လမ်းကြောင်း"ဖွင့်လှစ်ပြီး ဝန်ထမ်းများကို ပိုမိုစေလွှတ်ပေးကာ "၅+၂"(၂၄)နာရီပတ်လုံး ကြိုတင်ဘိုကင်စစ်ဆေးရန် ဝန်ဆောင်မှုပေးခြင်းဖြစ်သည်။ (၄) "ဝင်ခွင့်လက်မှတ်ကို ဦးစားပေးထုတ်၍ ဝင်ခွင့်ပြုခြင်း"-ဝင်ခွင့်လက်မှတ်ကိုအရှိန်မြှင့်၍ ထုတ်နိုင်ပြီးပြပွဲဝင်ကုန်ပစ္စည်းများစစ်လိုက်လျှင် ပင်ချက်ချင်းဝင်ခွင့်ပြုရန် အာမခံပေးခြင်းဖြစ်သည်။

**သတင်းထောက် – လျောက်ရှင်းရန်**